# ခေတ်သစ်၏ စိန်ခေါ်မှုကို ဆီးကြိုကြ

မွမ်းမံသင်တန်းအတွက် စီစဉ်ထားသောအကြောင်းအရာများမှာ ပေါများကြွယ်ဝလှပါသည်။ ၄င်းအနက် ကူမင်းနှင့်ပေကျင်းနှစ်မြို့စလုံးတွင် မီဒီယာသစ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲနှင့် သရုပ်ပြပွဲများစီစဉ်ပေးခဲ့သဖြင့် မြန်မာ့သင်တန်းသားများကို များစွာဆွဲဆောင်နိုင်ခဲ့သည်။

“တရုတ်နိုင်ငံမှာ ဘယ်မီဒီယာသစ်ကို ကြိုဆိုအခံဆုံးလဲ။ တရုတ်နိုင်ငံရှိ မီဒီယာသစ်ဖွံ့ဖြိုးတိုးတက်ရာမှာ ဘာအတွေ့အကြုံများရှိသလဲ”။ ဟောပြောပွဲကျင်းပစဉ် သင်တန်းသားများက ဂရုတစိုက်မှတ်သား၊ တက်ကြွစွာတုံ့ပြန်ကြသည်။ “ယူချောင်ဝက်ဆိုက်မှာ ဘာသာစကားဘယ်နှစ်မျိုးရှိသလဲ။ မြန်မာဘာသာသတင်းကဏ္ဍမှာ ဘယ်အပိုင်းများရှိသလဲ။ သတင်းများအတွက် ဘယ်ကမြစ်ဖျားခံလာသလဲ”။ ယူချောင်ဝက်ဆိုက်၏ရုံးခန်းတွင် ဝက်ဆိုက်ရှိမြန်မာဘာသာ အယ်ဒီတာ၏ ရုံးသုံးကွန်ပျူတာရှေ့သို့သင်တန်းသားများက ဝိုင်းရံလျက် ဝက်ဆိုက်နှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာဆိုင်ရာ မိတ်ဆက်ရှင်းလင်းပေးချက်ကို နားဆင်ကြသည်။ ယူနန်နေ့စဉ်သတင်းစာ APP၏ လက်တွေ့သရုပ်ပြခန်းတွင် သင်တန်းသားများသည် APPမှ သတင်းအကြောင်းအရာ၊ ဖော်ပြရန်ပုံစံ၊ လုံခြုံရေးထိမ်းသိမ်းမှုစသည့် အကြောင်းများနှင့်စပ်လျဉ်း၍ APPမှ အယ်ဒီတာများနှင့် လှိုက်လှဲစွာဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဟောပြောပွဲနှင့်သရုပ်ပြပွဲစီးရီးဖြင့် မြန်မာ《MIZZIMA သတင်း》 မီဒီယာစုံမှ သတင်းထောက်မိုးခိုင်အား အလှိုက်တလှဲဖြစ်စေသည်။ ၄င်းသည် ကွန်ပျူတာလက်တော့တွင် 《MIZZIMAသတင်း》၏ APP ကို ဖွင့်လှစ်ပြသရင်း သတင်းထောက်များအား ဆက်သွယ်ရေးဆိုင်ရာနည်းပညာ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာနိုင်ငံမီဒီယာများအပါအဝင် နိုင်ငံအသီးသီးမှ မီဒီယာများအတွက် သိသိသာသာပြောင်းလဲစေခဲ့ကြောင်း၊ ဥပမာအားဖြင့်ပြောရလျှင် အင်တာနက်ကွန်ရက်၏ အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကြောင့် အဝေးသတင်းပို့ခြင်းကို ဖြစ်နိုင်ခြေဖြစ်လာစေပြီး အများ၏ သတင်းအချက်အလက်ရရှိရန်နည်းလမ်းကိုလည်း ပြောင်းလဲစေခဲ့ကြောင်း၊ ယင်းသည် ဖွံ့ဖြိုးတိုးတက်ရေး၏ အခွင့်အလမ်းသစ်ဖြစ်သကဲ့သို့ နိုင်ငံအသီးသီးမှ မီဒီယာများအားသတင်းပြန့်ပွားရန်အကြောင်းအရာနှင့် နည်းလမ်းများကိုလည်း ပြန်လည်တွေးတောစဉ်းစားရန်တောင်းဆိုထားကြောင်း ပြောပြပေးသည်။

မိုးခိုင်၏မိတ်ဆက်ခြင်းအရ လက်ရှိတွင် မြန်မာ့မီဒီယာများသည် မီဒီယာသစ်များဖွံ့ဖြိုးတိုးတက်ရေး၏ လိုလားချက်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ချက်အချို့ဖြင့် ဖော်ဆောင်နေဆဲဖြစ်ကြောင်း၊ ဥပမာ -《MIZZIMAသတင်း》က အလုပ်သင်များကို လေ့ကျင့်ရာတွင် ၄င်းတို့၏ မီဒီယာစုံသတင်းထောက်စွမ်းရည်ကို အလေးထားလေ့ကျင့်လေ့ရှိကြောင်း သိရသည်။

မြန်မာ《ရှေ့တန်း》မဂ္ဂဇင်းမှ ဝါရင့်သတင်းထောက် ကျော်ဖုန်းယုသည် မတူခြားနားသောနိုင်ငံများမှ မီဒီယာများအကြား ဖလှယ်ကြသည်မှာ ခေတ်သစ်တွင် မီဒီယာများ၏ အဆင့်မြှင့်တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟုယူဆထားသည်။ ကျော်ဖုန်းယုက ယခုအကြိမ်မွမ်းမံသင်တန်း၏ သဘောတရားဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် ယခင်ကမသိရှိခဲ့သော မီဒီယာသစ်၏ သဘောတရားနှင့် အတတ်ပညာများကို ထိတွေ့နိုင်ခဲ့ပြီး မိမိအတွက်များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ မိမိသည်သတင်းထောက်အဖြစ်မီဒီယာဖွံ့ဖြိုးတိုးတက်မှု၏ တောင်းဆိုချက်သစ်နှင့် မည်သို့လိုက်လျောညီထွေသည်အတွက် ပိုမိုသိရှိနားလည်နိုင်ပါကြောင်း ပြောကြားသွားသည်။ ၄င်းအတွက် မြန်မာ《7days》ဝါရင့်သတင်းထောက် ငြိမ်းချမ်းကလည်း ထပ်တူထပ်မျှ ခံစားမိသည်။ “ယူနန်မှပေကျင်းအထိသွားရောက်ခဲ့တဲ့ခရီးတစ်လျှောက်မှာ တရုတ်မီယာသစ်များရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနဲ့ အလားအလာကိုကျွန်တော်ကိုယ်တိုင်တွေ့မြင်ခဲ့ရတယ်။

အထူးသဖြင့် တရုတ်မီဒီယာသစ်မှဝန်ထမ်းများနဲ့ ဖလှယ်ခြင်းအားဖြင့် တရုတ်မီဒီယာသစ်များမှ ပြန့်ပွားထားတဲ့သတင်းအချက်အလက်များဟာ ပြည်သူများက စိတ်ဝင်စားကြတဲ့သတင်းများဖြစ်ကြောင်း ကျွန်တော်တွေ့ရှိရပါတယ်။ ဒါဟာ မီဒီယာသစ်များအနေနဲ့ ဖတ်ရှုသူများရဲ့ကြိုက်နှစ်သက်မှုကို ဘယ်လိုရရှိနိုင်တယ်ဆိုတာအတွက် ကောင်းမွန်စွာသတိပေးခဲ့တယ်”။

# သတင်းပြန့်ပွားရေးဆိုင်ရာလူချွန်လူကောင်းများကို လက်တွဲမွေးထုတ်

“ဒီနေ့ဖိုရမ်သို့ ပါဝင်တက်ရောက်သူများအနက် ယူနန်နော်မန်တက္ကသိုလ် သတင်းပြန့်ပွားရေးကောလိပ်မှ လူငယ်ဆရာ၊ ဆရာမများလည်းပါဝင်ကြပါတယ်”။ မေလ ၂၁ရက်က မွမ်းမံသင်တန်း၏ လှုပ်ရှားမှုတစ်ခုဖြစ်သည့် “တရုတ်ယူနန်နှင့် မြန်မာမီဒီယာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်” တွင် ယူနန်နော်မန်တက္ကသိုလ် သတင်းပြန့်ပွားရေးကောလိပ်မှ ဒုတိယကျောင်းအုပ်တုကျုံးဖုန်းသည် မြန်မာ့သင်တန်းသားများအတွက် သတင်းပြန့်ပွားရေးကောလိပ်မှ အဆိုပါဖိုရမ်သို့ ပါဝင် တက်ရောက်လာကြသူများကို တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ပေးခဲ့သည်။ စကားသံမပြီးသေးမီ မြန်မာ့သင်တန်းသားများက လက်ခုပ်တီး၍ လှိုက်လှဲစွာကြိုဆိုကြသည်။

“မြန်မာ့မီဒီယာလုပ်ငန်း အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မီဒီယာ၏ လူကောင်းလူချွန်များအတွက် တောင်းဆိုချက်မှာ အရေအတွက်အရရော၊ အရည်အသွေးအရပါ မြင့်မားသထက်မြင့်မားလာနေပါတယ်”။ မြန်မာနိုင်ငံ၏ သတင်းပြန့်ပွားရေးဆိုင်ရာ လူချွန်လူကောင်းမွေးထုတ်ရေးအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးရာတွင် လောလောဆယ် မြန်မာနိုင်ငံသည် သတင်းပြန့်ပွားမှု ပညာပေးရေးဘက်တွင် ချို့တဲ့နေသေးကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစသည့် နည်းလမ်းများဖြင့် မြှင့်တင်ပေးရန် မျှော်လင့်ထားကြောင်း သင်တန်းသားများက တညီတညွတ်တည်း ဖော်ပြကြသည်။

“ယခုအကြိမ်မွမ်းမံသင်တန်းဟာ မြန်မာမီဒီယာများက တရုတ်မီဒီယာများနဲ့ အပြန်အလှန်ဆွေးနွေးတဲ့၊ လက်တွဲတိုးတက်တဲ့ အခွင့်ကောင်းတစ်ခု ဖြစ်ပါတယ်”။ မြန်မာ့《စံတော်ချိန်နေ့စဉ်သတင်းစာ》မှ အထက်တန်းသတင်းထောက် မောင်မောင်သန်းက မွမ်းမံသင်တန်းကဲ့သို့သော လှုပ်ရှားမှုထဲ ပါဝင်တက်ရောက်ခြင်းအားဖြင့် တရုတ်သတင်းပြန့်ပွားရေးလောက၏ လက်ရှိအခြေအနေများကို ကိုယ်တိုင်လေ့လာပြီး ၄င်း၏ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို သိရှိနိုင်ပါကြောင်း၊ ထိုသို့လုပ်ရခြင်းသည် မြန်မာ့မီဒီယာသမားများ၏ လုပ်ရည်ကိုင်ရည် မြှင့်တင်စေရန်အတွက် အထောက်အကူပြုရုံသာမက အသွင်ကူးပြောင်းဖွံ့ဖြိုးတိုး တက်နေဆဲဖြစ်သည့် မြန်မာမီဒီယာ လုပ်ငန်းများအတွက်လည်း မှီငြမ်းပြုနိုင်သော အတွေ့အကြုံများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ယူဆထားသည်။

မေလ ၂၀ရက်နေ့တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုနှင့် ယူနန်နော်မန်တက္ကသိုလ်တို့မှ ပူးပေါင်း၍ တည်ထောင်ကြသည့် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံတကာသတင်းပြန့်ပွားရေးလူချွန်လူကောင်းများလေ့ကျင့်မွေးထုတ်ရေးစင်တာကို ဆိုင်းဘုတ်တပ်၍ ဖွင့်လှစ်ထားသည်။ ယူနန်နော်မန်တက္ကသိုလ် သတင်းပြန့်ပွားရေးကောလိပ်မှ ဒုတိယကျောင်းအုပ်တုကျုံးဖုန်း၏ မိတ်ဆက်ခြင်းအရ အဆိုပါ လေ့ကျင့်မွေးထုတ်ရေးစင်တာသည် အစပိုင်းတွင် ဒီပလိုမာဘွဲ့ရယူရန်မဟုတ်သော ရက်တိုသတင်းကျွမ်းကျင်မှုဆိုင်ရာသင်တန်း၊ “တရုတ်ကိုသိရှိရန်၊ ယူနန်ကိုနားလည်ရန်” ရက်တိုသင်တန်းနှင့် သုတေသနပညာရပ်ဖလှယ်ရေးလှုပ်ရှားမှု စသည်များကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ “လေ့ကျင့်မွေးထုတ်ရေးစင်တာရဲ့လည်ပတ်မှု တစတစရင့်ကျက်လာတာနဲ့အမျှ အနာဂတ်မှာ သက်ဆိုင်ရာဘာသာရပ်များအတွက် ဒီပလိုမာဘွဲ့ပညာရေးကိုလည်း လုပ်ဆောင်သွားမယ်လို့စီစဉ်ထားပါတယ်”။ မွေးထုတ်မှု၊ ဖလှယ်မှုအတွက် အကျိုးရလဒ် ပိုမိုရရှိစေရန်လှုပ်ရှားမှုအမျိုးမျိုး၏ အချိန်၊ ပုံစံ၊ အဓိကအကြောင်းအရာများသည် မြန်မာ့မီဒီယာသမားအပါအဝင်အဖက်ဖက်၏ အကြံပြုချက်များကို မှီငြမ်းပြုသွားမည်ဖြစ်ကြောင်း တုကျုံးဖုန်းက ပြောသည်။

သတင်းထောက်-လျူကျီယူ၊
ချောင်ယွင်ပေါ်